KPSN

# ကရင်ငြိမ်းချမ်းရေးအထောက်အကူပြုကွန်ယက်

# ထုတ်ပြန်ကြေညာချက်

ဖေဖ၀ါရီလ ၄-၂၀၂၁

## ကရင်ငြိမ်းချမ်းရေးအထောက်အကူပြုကွန်ယက်မှ စစ်တပ်အာဏာ သိမ်းမှုအပေါ် ပြင်းထန်စွာ ရှုတ်ချလိုက်ပြီး ဗမာပြည် ဒီမိုကရေစီအရေးနှင့် ငြိမ်းချမ်းရေးရရှိရန်အတွက် နည်းလမ်းသစ်များရှာဖွေရန် တောင်းဆိုလိုက်သည်။

ဖေဖ၀ါရီလ ၁ ရက် တန်လာနေ့က ဖြစ်ပွားခဲ့သော စစ်တပ်မှ အာဏာသိမ်းမှုအပေါ် ကရင်ငြိမ်းချမ်းရေး အထောက်အကူပြုကွန်ယက် မှ ရှုတ်ချလိုက်သည်။ မြန်မာနိုင်ငံ၏ ဒီမိုကရေစီနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များမှာ အခြေခံအားဖြင့် ပျက်စီးသွားပြီဖြစ်ကြောင်း စစ်တပ်၏ အာဏာသိမ်းမှုက နိုင်ငံတကာအသိုက်အ၀န်းအား အသိပေးလိုက်ပြီးသည်။ နိုင်ငံတကာမူ၀ါဒသည် စစ်တပ်မှ စိတ်၀င်စားမှုမရှိပဲ ဖန်တီးထားသည့် ငြိမ်းချမ်းရေးနှင့် ဒီမိုကရေစီအရေးကို အခြေခံထားသည်။ စစ်တပ်မှ ပုံဖော်ထားသော ဗဟိုချုပ်ကိုင် အုပ်ချုပ်ရေးတည်ဆောက်ပုံမှာ မည်သောအခါမျှ ဗမာပြည်အတွက် ရေရှည်တည်တံ့သော ငြိမ်းချမ်းရေး နှင့် ဖွံ့ဖြိုးရေး ဖြစ်မလာနိုင်ပါ။

စစ်တပ်မှ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေအား ၄င်းတို့ကိုယ်တိုင်ရေးဆွဲအတည်ပြု နိုင်ငံအတွင်း ပြဌာန်းပြီး ငြိမ်းချမ်းရေး ဆွေးနွေးပွဲအတွက် စေ့စပ်ညှိနှိုင်းမှုများကို စတင်ခဲ့သည်။ အဆိုပါ လုပ်ဆောင်ချက်သည် တိုင်းပြည်အတွင်း နိုင်ငံရေးနှင့် လူ့အခွင့်အရေး ကပ်ဆိုက်နေသော အခြေနေမှ အဖြေရရန် အထောက်အကူပြုမည့် ဖွဲ့စည်းပုံအခြေခံဥဒေရေးဆွဲခြင်း အစရှိသော ဘက်ပေါင်းစုံမှ လုပ်ဆောင်သင့်သည့် အနေအထားနှင့် ဆန့်ကျင်နေခဲ့သည်။ ထို့ကြောင့် ဖွဲ့စည်းပုံအသစ် ရေးဆွဲမည်ဆိုပါက အထက်တန်းလွှာအပိုင်းအပိုင်းကထိန်းချုပ်သည့် အထက်အောက် ဆုံးဖြတ်သည့်ပုံစံထက် လူထုနှင့် ကျယ်ကျယ်ပြန့်ပြန့်ဆွေးနွေးပြီး ရေးဆွဲသင့်သည်။

၂၀၀၈ ဖွဲ့စည်းပုံအခြေခံအောက်မှသွားနေသော ငြိမ်းချမ်းရေးဖြစ်စဉ်သည် မည်သို့မျှအောင်မြင်နိုင်မည်မဟုတ်သည်ကို လက်ရှိစစ်တပ်အာဏာသိမ်းမှုက သက်သေပြလိုက်ပြီးဖြစ်သည်။ အရပ်သားအစိုးရ၏ ထိန်းချုပ်မှုဖြင့် ဖက်ဒရယ်ဒီမိုကရေစီ အတွက် ရည်မှန်းချက်ရှိသော ပါ၀င်သင့် ပါ၀င်ထိုက်သည့် အစုအဖွဲ့များအားလုံးပါ၀င်ကာ ဖွဲ့စည်းပုံအခြေခံဥပဒေအသစ်ကို ရေးဆွဲရမည်ဖြစ်သည်။၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေအောက်မှ ဒီမိုကရေစီသို့ စတင်ခြေလှမ်းနေသည့်အချိန်နှင့် အရပ်သားတစ်ပိုင်း၊ စစ်တစ်ပိုင်းအုပ်ချုပ်သည့်စနစ် (ဟိုက်ဘရစ်စနစ်) သည် ပန်းတိုင်ကို ရောက်နိုင်ဖို့အတွက် အစပျိုး ခြေလှမ်းသာဖြစ်ပြီး အဆိုပါကာလတွင် အဖိနှိပ်ခံပြည်သူလူထုအနေဖြင့် စိတ်ပျက်စရာကောင်းသည့် စစ်တပ်၏အာဃာတ အောက်တွင် ပေးဆပ်ကြရမည်ဖြစ်သည်။ ထိုသို့ပေးဆပ်မှုနှင့် ဖော်ဆောင်နေသော ငြိမ်းချမ်းရေးတိုးတက်မှုမှာ နှောင့်နှေးခဲ့သည့်အတွက် လက်ရှိငြိမ်းချမ်းရေးဖော်ဆောင်မှုပုံစံမျိုး ဆက်လက်မလုပ်ဆောင်သင့်တော့ပေ။

ထို့ကြောင့် ကျွန်ုပ်တို့မှ အောက်ပါ အချက်များကို တောင်းဆိုလိုက်သည်

ဗမာပြည်ရှိပြည်သူများ

- အာဏာသိမ်းမှုဆန့်ကျင်ပြီး ၂၀၀၈ ဖွဲ့စည်းပုံကျဆုံးကြောင်း လူသိရှိကြားထုတ်ဖော်ကာ ဖက်ဒရယ်ဒီမိုကရေစီ ဖွဲ့စည်းပုံအသစ် ရေးဆွဲရန် တောင်းဆိုရန်၊
- စစ်တပ်ပိုင် ကုမ္ပဏီ ထုတ်ကုန်များအားလုံးကို သပိတ်မှောက်ရန်၊

ဗမာ စစ်တပ်

- နိုင်ငံအဝှမ်းထိုးစစ်များ ရပ်တန့်ရန်၊ တပ်များရုတ်သိမ်းရန် နှင့် ၂၀၂၀ ရွေးကောက်ပွဲအနိုင်ရသူများအပါအဝင် နိုင်ငံရေးအကျဉ်းသားများအားလုံး လွှတ်ပေးရန်

နိုင်ငံတကာသို့

- ငြိမ်းချမ်းရေး ရံပုံငွေထောက်ပံ့နေသော ငြိမ်းချမ်းရေး ပူးပေါင်းရံပုံငွေအဖွဲ့ JPF အပါအဝင်နှင့် စစ်အာဏာရှင်များအပေါ် နိုင်ငံရေး နှင့် ငွေးကြေးဆိုင်ရာ ထောက်အကူပြုနေမှုများအား ဆိုင်းငံ့ထားရန်
- UN အချက်အလက်ရှာဖွေရေး ကော်မရှင်မှ မြန်မာနိုင်ငံပေါ် ထုတ်ပြန်ထားသော စစ်တပ် ပိုင် နှင့် ထိန်းချုပ်ထားသော ကုမ္ပဏီများအပေါ် ပိတ်ဆို့မှုများ ချက်ချင်းလုပ်ဆောင်ရန်
- စစ်တပ်ခေါင်းဆောင်များမှ လူသားမျိုးနွယ်တုန်းသတ်ဖြတ်မှုအပေါ် တာဝန်ခံရန်
- စစ်ရာဇဝတ်မှု နှင့် လူသားဖြစ်တည်မှုအပေါ်ဆန့်ကျင်သည် ရာဇဝတ်မှု ကျူးလွန်မှုများအပေါ် အပြစ်ပေး အရေးယူမှုများ လုပ်ဆောင်လျက်ရှိသော နိုင်ငံတာကာ တရားမျှတမှုဆိုင်ရာတရားရုံး (ICJ) နှင့် နိုင်ငံတကာရာဇဝတ်မှုဆိုင်ရာ တရားခုံရုံး (ICC) တို့အပေါ်တွင် ထောက်ခံဝန်းရံရန်။
- စစ်တပ်၏ ထိုးစစ်ဆင်မှု နှင့် စစ်အင်အား ဆက်တိုက် တိုးချဲ့မှုများအတွင်း ခံစားခဲ့ရသော ဒုက္ခသည် နှင့် ပြည်တွင်းနေရပ်စွန့်ခွာသူများအတွက် လူသားခြင်းစာနာမှုအထောက်အပံ့များ လုံလောက်စွာ ရရှိနိုင်ရန် နယ်စပ်ဖြတ်ကျော် ထောက်ပံ့မှုများ ချက်ချင်းပေးအပ်ရန်။

**ဆက်သွယ်ရန်**

နော်ဝါးခုရှီး +၆၆ ၈၆၁၁၈၂၂၆၁ (ကရင် အင်္ဂလိပ်)

စောသူးမွဲ +၆၆ ၉၈၈၃၉၅၈၉၈ ( အင်္ဂလိပ် ဗမာ)